ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၂၆/၂၀၂၂
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၁-၆-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ဆသ-၂/မလ/(SMW3)/၂၀၂၂(၂၁၁၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဆက်သွယ်ရေးဆက်ကြောင်းအဖြစ် အသုံးပြုနေသည့် SEA–ME–WE 3 (South East Asia–Middle East–Western Europe 3) အာရှ-ဥရောပရေအောက်ကေဘယ် ဆက်သွယ်ရေးစနစ်သည် ၂၁.၃.၂၀၂၂ ရက်နေ့ ၂၁:၅၄ နာရီအချိန်တွင် ပင်လယ်ရေအောက်ရှိ Repeater R401 နှင့် R402 အကြားတွင် ချို့ယွင်းမှု (Cable Fault) ဖြစ်ပေါ်ခဲ့ပါသဖြင့် ပြုပြင်နိုင်ရန်အတွက် ရေအောက်ကေဘယ်ပြုပြင်ရေးသင်္ဘော ASEAN RESTORER ဖြင့် ၂၃.၆.၂၀၂၂ ရက်နေ့မှ ၃၀.၇.၂၀၂၂ ရက်နေ့အထိ ရေအောက်ကေဘယ် ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ရေအောက်ကေဘယ်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ခန့်မှန်းတည်နေရာကို ဖော်ပြသည့် Coordinate မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Latitude | Longitude |
|---|---|
| 15° 34.743′ 00″ N | 095° 45.548′ 00″ E |

၃။ သို့ဖြစ်ပါ၍ (၂၃.၆.၂၀၂၂) ရက်နေ့မှ (၃၀.၇.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)